# မာယာရောဂါ

မိုးတွေ သည်းသည်းမဲမဲ ရုတ်တရက် ရွာချလိုက်သည်။ အိမ်ခေါင်မိုး သွပ်ပြားပေါ်သို့ တပုန်းပုန်းနှင့် နေနိုင် တစ်ယောက် အိမ်သို့ ကမူးရှူးတိုး ပြေးလာရသည်။ အိမ်ပေါ် ရောက်တော့ တစ်ကိုယ်လုံး စိုနေပြီ . .

" ရှင်ကလည်းလေ ထွက်ထဲက ထီးယူသွား ပါလား "

နေနိုင်ရဲ့ မိန်းမ ဆင်မ၊ ဂျက်မ၊ အိုး . . စုံလို့ နေနိုင် ပေးထားတဲ့ သူ့မိန်းမရဲ့ ဘွဲ့တွေ

" ဟ . . ငါ မိုးရွာမှန်း မသိလို့ပေါ့ . . ငါသွားတုန်းက သာသာယာယာပဲ . . လက်ဘက်ရည် တစ်ခွက်ကုန်မှ မိုးအုံ့လာတာ၊ ရေနွေးတစ်အိုးကုန်တော့ မိုးရွာပြီ၊ မိုး အတိတ်ကို စောင့်ရင်လဲ မင်းက . . ဒီလောက် ကြာရလားလို့ ၊ ဘယ် ငန်းကျောထနေလဲလို့ စုံနေအောင် ပြောဦးမယ် "

သူ မိန်းမကို အားရပါးရပြောပြီး အခန်းထဲဝင် အကျီလဲကာ ဧည့်ခန်းတွင် ပြန်ထိုင်ပြီး ဘောလုံးဂျာနယ် ထိုင်ဖတ်နေလိုက်သည်။ ခဏအကြာ မိန်းမ နောက်ဘေးက ပြန်ထွက်လာပြီး . . စာထိုင်ဖတ်နေတဲ့ သူ့ရဲ့ပေါင်ကို

" ဖျန်း "

" အောင်မလေး . . ဗျာ "

" ရှင်ဘာလုပ်နေတာလဲ "

သူမှုန်ကုပ်ကုပ်နှင့် မိန်းမအား ပြန်ကြည့်ပြီး

" ငါစာဖတ်နေတာ မင်းမမြင်ဘူးလား "

" မြင်သားပဲ . . ရှင်အခု ဘယ်အချိန်ရှိပြီလဲ . . ကလေးတွေ ကျောင်းသွား ကြိုရမယ် . . ရှင်မသိဘူးလား "

" သိသားပဲ "

skymoe

သူ့မိန်းမ  သူ့အား စူးရှစွာ ကြည့်ပြီး

" ဒါဆို  ရှင်က "

" စောသေးတယ် ထင်လို့ပေါ့ "

သူ့စကားကြောင့်  သူ့မိန်းမ နာရီကို လှမ်းကြည့်လိုက်တော့

" ရှင် . . သေချင်ပြီနဲ့ တူတယ် . . နာရီကို သေချာကြည့်စမ်း ကိုနေနိုင် "

သူနာရီကို မော့ကြည့်လိုက်တော့

" ဟိုက် "

သူ ကမန်းကတမ်း . . ကလေးတွေအတွက် ထီးဆွဲကာ ထွက်လာခဲ့သည်။ ကျောင်းတောင် လွှတ်နေပြီဟု တွေးကာ အပြေးအလွှား သွားတော့ ကျောင်းလမ်းတွင် လူမရှိတော့ ကျောင်းဂတွင် ကျောပိုးအိတ်၊ လွယ်အိတ်များကို ကျောင်းလုံခြုံရေး ဂိတ်ထဲတွင် ထားပြီး သူ့သားကြီးနှင့် သမီးငယ်တို့ မိုးရွာထဲ ထွက်ဆော့နေရင်း သူ့ကို မြင်တော့

" ဖေကြီး လာပြီ . . ဟေး " ဟုဆိုကာ ပြေးလာကြသည်။ သူ ခေါင်းနပန်းကြီး သွားသည်။

" မင်းတို့ ငါ့ကို သက်သက် ဒုက္ခ ပေးတယ် " ဟု ဆိုပြီး ဂိတ်ထဲရှိ ကျောပိုးအိတ်၊ လွယ်အိတ်၊ ဆွဲခြင်းတို့ကို ယူပြီး၊ ကလေးနှစ်ယောက် ပြေးလွှားဆော့တဲ့ အနောက်ကနေ သူ ဖြေးဖြေး လိုက်လာခဲ့သည်။ အိမ်ရောက်ရင် မိန်းမဖြစ်တဲ့ ဒီ ဆင်မနဲ့ စကားပြော ရဦးမယ် . .

" ဟင်း . . "

ကလေးနှစ်ယောက် ပြေးလွှားရင်း အိမ်ရောက်နေကျပြီ . . သူ အိမ်နားပဲ ရှိသေးသည် သူ့ရဲ့ ဆင်မ အသံကို ကြားနေရပြီ။

" ကိုနေနိုင် ရှင်လာခဲ့စမ်း . .ရှင်နဲ့ ကျွန်မ တွေ့မယ် "

သူမစကားကြောင့် သူ စိတ်ထဲမှာပဲ ပြန်ပြောလိုက်မိသည်။

" မိန်းမရယ် မင်းပဲ တွေ့ တွေ့နိုင်လွန်းတယ် "

" အဲဒီမှာ ဘာရပ်လုပ်နေတာလဲ ဒီမှာ ကလေးတွေ အကျီလဲပေးဦး "

" အေးပါ . . လာပြီ "

ညရောက်တော့ ကလေးနှစ်ယောက်ကို စာပြရင်း သူ့မိန်းမ အလစ်ကို ချောင်းနေရင်း ဘေးအိမ်က သူသူ့ရောက်လာပြီး . .

" ကိုကြီး . . အစ်မရော "

" ဟဲ့ . . ငါဒီမှာ . . ရခဲ့လား "

သူသူ့နှင့် သူမ စကားပြောပြီး ပစ္စည်းတွေကြည့်နေတုန်း . . နောက်ထဲဝင်ပြီး မီးသွေးခြင်းထဲက လက်ကျန်ပုလင်းကို ထုတ်ပြီး အကုန်မော့ လိုက်သည်။ ပြီးမှ ဘေးက ဟင်းအိုးထဲက ဘဲဥတစ်ခြမ်းယူပြီး သမလိုက်မှ အဆင်ပြေသွားကာ အိမ်ရှေ့သို့ ထွက်လာပြီး ကလေးနှစ်ယောက်နား ပြန်ထိုင်နေလိုက်သည်။

" ဖေကြီး . . အရက်ပုံနံ့ရတယ် "

" ဟင်း "

မိန်းမကိုလည်းကြည့်တော့ သူသူ့နှင့် အပြောကောင်းနေတုန်း

" မင်းကို စာလုပ်ခိုင်းတာ . . အနံ့ ခံခိုင်းတာ မဟုတ်ဘူး "

" ဖေကြီး . . ခုနက သား ဖေကြီးနောက်ကို လိုက်ကြည့်သေးတယ် "

" ဘာ "

သူ့အသံကျယ်သွားသဖြင့် မိန်းမဘက်ကို လှည့်ကြည့်ရသေးသည်။

ထိုအချိန်ပဲ သူ့သားက သူ့ညီမအား

" ဖေကြီး ဟင်းခိုးစားတာ ငါ တွေ့ခဲ့တယ် "

" ဟေ့ကောင် . . စာလုပ် . . စကားမများနဲ့ . . ငါ မင်းအဖေ . . ဟင်းခိုးစားတော့ ဘာဖြစ်လဲ "

" မေကြီး ရိုက်မှာပေါ့ "

သူ့သမီးငယ်က ဝင်ပြောပြီး သူ့သားရော သမီးပါ ပိုင်းရယ်ကျသည်။ သူတို့ အိမ်လေးသည် ထိုသို့ပင် သူ့အတွက်တော့ ပျော်လိုက်၊ ဝမ်းနည်းလိုက်နှင့် လိပ်ပတ်မလည်ခဲ့။ သူတို့ ရပ်ကွက်က ဆိပ်ငြိမ်ရပ်ကွက်ပါ . . ပတ်ဝန်းကျင်က တိုက်တွေ ခြံတွေ၊ ကားတွေနဲ့ သူတို့ ခြံတစ်ခြံထဲ အထီးကျန် ခဲ့ရသည်။

အဖေနှင့် အမေဆုံးတော့ ထိုခြံလေးကို နှစ်ခြမ်းခွဲကာ ညီမ သူသူ့ လင်မယားကို တစ်ဝက်ခွဲပေးပြီး သူတို့က ဒီဘက်မှာ၊ သူသူ့ အမျိုးသားက ဝင်ငွေကောင်းတော့ တစ်ထပ်တိုက်လေး ဆောက်နိုင်ပေမယ့် . . သူကတော့ ပျဉ်ထောင်အိမ်လေးနဲ့ပဲ ဒီထက် တိုးတက် မလာခဲ့ပေ။ သူများက " အိမ်ပြင်ဆောက်ပါလား " လို့ ပြောတော့ သူက " အဖေနဲ့ အမေ နေခဲ့တဲ့ ဒီအိမ်လေးပဲ အေးချမ်းလို့ပါ " ဒီလိုပဲပေါ့ သူ့လစာ၊ သူ့မိန်းမ ရတဲ့ ငွေနဲ့ပေါင်းပြီး ကလေးတွေ ကျောင်းစရိတ်၊ တခြားကိစ္စတွေနဲ့ ဒီလိုပဲ နေသွားခဲ့ရတယ်။

" ကိုနေနိုင် . . ရှင်မထသေးဘူးလား "

မနက်ချိန်ခါ သူ့ရဲ့ နာရီနှိုးစက်သံပင်

" အေး . . အေး "

သူ့ သားနဲ့ သမီးကို နှိုးတော့ အင်းမလုပ် . . အဲမလုပ်နဲ့ . . သားကြီးက

" ဖေဖေ . . အရင်ထ "

" ဟင် . . မင်းအဘ ငါဒီမှာ ထိုင်ပြီး နှိုးနေတာ . . မင်း မမြင်ဘူးလား "

" ဟား . . ဟား . . ဖေကြီး မျက်စိဖွင့်ပြီး နှိုးပါလား . . မျက်စိမဖွင့်ဘဲ သားတို့ကို နှိုးနေပြီးတော့ "

အဲဒီတော့မှ သူ မျက်စိဖွင့်ကြည့်တော့ သားနဲ့သမီးက မျက်လုံးအပိုင်းသားနဲ့ သူ့ကို ကြည့်နေကြသည်။

သူ ဒီမနက်တော့ ရုံးကို အစောကြီးရောက်ပြီး ရုံးလက်ဘက်ရည်ဆိုင်တွင် ထိုင်ကာ

" ညီလေး တစ်ခွက် . . London တစ်ပွဲ "

လက်ဘက်ရည် တစ်ငုံသောက်လိုက် ဆေးလိပ်တစ်ဖွာ ရှိုက်လိုက် စည်းစိမ် ခံနေတုန်း . .

" ဟာ . . ကိုနေနိုင် . . အတော်ပဲ . . အခုပဲ . . ဟိုလေ . . အဲ ညီလေး ဂမ်းတီး ဒီလို . . ကိုနေနိုင် "

သူ့လာရင်းကိစ္စကို မပြောရသေး လက်ဘက်ရည်မှာပြီးပြီ အခု ဆေးလိပ်တစ်လိပ် ယူပြီး ဖွာရှိုက်ကာ . .

" ညွှန်မှူးက ဒီနေ့ အစောဆုံးရောက်တဲ့ သူတွေကို ကိုးနာရီအတိ အစည်းအဝေး ခန်းထဲ လာခဲ့လို့ မှာလိုက်တယ် . . အခု ခင်ဗျားနဲ့ဆို လေးယောက်ရှိပြီ "

စားပွဲထိုး လာချပေးသော လက်ဘက်ရည်ကို မှုတ်သောက်ရင်း . .

" ပိုက်ဆံ ပါရင် ငါးဆယ်လောက် ချေးစမ်းပါ ကွမ်းဝါးချင်လို့ "

ညွှန်မှူးတောင် ဆရာလုပ်ချင်တဲ့ကောင်ဆိုတော့ မချေးလို့မကောင်း၊ အခုပဲ လက်ဘက်ရည်၊ ဆေးလိပ်အပြင် ငါးဆယ်ပါ ချေးရသေးသည်။ သူပေးပြီး အိတ်ထဲ ကြည့်တော့ သုံးဆယ်သာ ကျန်တော့သည်။ လက်ဘက်ရည် ဖိုးကိုတော့

" ညီလေး . . ဒီပိုင်းအတွက် . . စာအုပ်ထဲ ထည့်လိုက်တော့ "

ပြောပြီး ရုံးပေါ်သို့ တက်လာခဲ့သည်။ ကိုးနာရီလဲ ထိုးတော့မှာမို့ အစည်းအဝေး ခန်းထဲသို့ တန်းဝင်လိုက်တော့

" ဟင် "

အစည်းအဝေးအခန်းထဲ ညွှန်မှူးတစ်ယောက်ထဲ ထိပ်ဆုံးစားပွဲမှာ ထိုင်ပြီး ကျန်ဘယ်သူမှ မရှိ

" ကဲ လာ . . မောင်နေနိုင် ထိုင် "

သူခေါင်းငုံ့ပြီး ဝင်ထိုင်ကာ ညွှန်မှူးက စ၍

" ကဲ . . အစည်းအဝေးစမယ် "

" ဗျာ "

ဟုတ်တယ်လေ အစည်းအဝေးစမယ်တဲ့ ၊သူနဲ့ ညွှန်မှူး နှစ်ယောက်ထဲ ရှိတာ၊ သူ့ရဲ့ အာမေဍိတ်သံကြောင့်

" ဒီလို မောင်နေနိုင်ရဲ့ စောစောရောက်တဲ့သူကို ကိုးနာရီ အစည်းအဝေး လုပ်ပြီး နောက်မှ ရောက်တဲ့သူကို ဆယ်နာရီခွဲမှာ ထပ်လုပ်မှာ . . အခု မင်းတစ်ယောက်ထဲ အရင် ရောက်တော့ မင်းနဲ့ငါ အစည်းအဝေး လုပ်ရတာပေါ့ "

" ဟုတ်ကဲ့ "

" လာမယ့် အပတ်ထဲမှာ သီရိမင်္ဂလာ ကမ္ဘာ့ဒေအေး ကုန်းမြေမှာ ဆွမ်းဆန်စိမ်း လောင်းပွဲရှိတယ်၊ ငါတို့ဌာနက အဲဒီမှာ ဌာနဆိုင်ရာအလိုက် နေရာတစ်ကွက်ရတယ်၊ အဲဒီမှာ မင်းက ဦးဆောင်ပြီး လိုအပ်တာတွေ လုပ်ပေးပါ "

" ဟုတ်ကဲ့ . . ညွှန်မှူး "

" နေဦး . . မောင်နေနိုင် ဒီနေ့ပဲ မင်း အဲဒီကို သွားပြီး လိုအပ်တာတွေ အကုန်လုပ်ပါ၊ ဌာနက ကားကိုလည်း လိုအပ်သလို မင်းစိတ်ကြိုက်ယူသုံးပါ၊ အင်အားလိုရင်လည်း လုပ်နိုင်မယ့်၊ အံဝင်မယ့်သူကို ရွေးချယ်ပြီး ခေါ်သွားပါ . . အကြောင်းအမျိုးမျိုးပြ မလိုက် ချင်တဲ့သူ ရှိရင် ငါ့ဆီလွှတ်လိုက်ပါ . . ရပြီ . . အော် . . ငါတို့ဌာနရဲ့ နေရာက ဘုရားရဲ့ မြောက်ဘက် ဘီ-37 "

သူ ဆွမ်းဆန်စိမ်းလောင်းပွဲအတွက် ပြင်ဆင်စရာများ ပြင်ဆင်ပြီးချိန်မှာ ဆယ့် တစ်နာရီထိုးတော့မည်။ ရုံးခန်းထဲဝင်တော့ အားလုံးက အလုပ်တွေရှုပ်နေကျသည်။ နေနိုင့် စိတ်ထဲ အစည်းအဝေးပြီးသွားလို့ ညွှန်မှူးခိုင်းလို့ အလုပ်ရှုပ်နေကျတယ်ထင်တယ်လို့ တွေးပြီး သူ့ခုံတွင်ထိုင်ပြီး ဒီနေ့၊ နောက်နေ့ တစ်ရက်ဆီ စာစီပြီး နို့တစ်ဘုတ်မှာ သွားကပ်ခါ ရုံးခန်းဂမှာ ထောင်ထားလိုက်သည်။ ဂန်ထမ်းအားလုံး နို့တစ်ဘုတ်ကို မျက်လုံးများ ရောက်လာသည်။ အားလုံးထကြည့်ကြပြီး . .

" ဟင်း "

" ဟယ် "

" ငါ အဲဒီနေ့ မအားဘူး ဒုက္ခပါပဲ "

" ငါ့ ယောက်ှမ ဆေးရုံတတ်ရမယ့်နေ့ "

တစ်ယောက်တစ်ပေါက် ပြောနေရင်းက ညွှန်မှူးလက်ထောက်၊ ညွှန်မှူးကို ဆရာလုပ်နေတဲ့ မနက်က ငါးဆယ်ချေးသွားတဲ့ သူ့ရဲ့ အသံက

" ဟာ . . နေနိုင့်နာမည်တော့ မပါဘူး "

" ဟာ . . ဟုတ်တယ် "

သူတို့ ပြောမှ ကိုယ့်နာမည်ထည့်ဖို့ မေ့နေခဲ့သည်။ ဒါပေမယ့် ဟန်နှင့်ပင် ပြန်ပြောလိုက်သည်။

" ကျွန်တော်က ဒီကိစ္စအတွက် တာဝန်ယူထားတယ် ဆိုတော့ နာမည် ထည့်ရေးစရာ မလိုဘူး အချိန်တိုင်း သွားနေ၊ ပြန်နေရမှာ "

ထိုသို့ သူပြောပြီး ဒီနေ့လိုက်ရမည့် အဖွဲ့အား ခေါ်သွားပြီး ညနေရုံးဆင်းခါနီးမှ ရုံးသို့ ပြန်ရောက်ကျသည်။ ဒီနေ့ အစဆိုတော့ အားလုံးလိုလို ပင်ပန်းကျသည်။ နေက ပူတော့ နည်းနည်း အလုပ် လုပ်တာနဲ့ ချွေးတွေစို့လာပြီး အလုပ်ကို ထင်တိုင်း မပေါက်ဘူး . . ခေါင်းဆောင် နေနိုင်မှာလဲ အသံပင် မထွက်ချင်တော့ . .

" သားကြီးက အဆင့် 23 သမီးက 11 "

မိန်းမ . . သားနှင့် သမီးရဲ့ လပတ် အမှတ်စာရင်းစာအုပ်ကို ကြည့်ပြီး . . ရည်ရွတ်နေသည်။ နေနိုင်က တစ်နေကုန်ပင်ပန်း ထားသဖြင့် ရေမိုးချိုးပြီး ဧည့်ခန်းတွင် ထိုင်ဖို့ ရှိသေး . . မိန်းမက

" ကျူရှင်ဆရာ တော်တယ်နော်၊ ကလေးတွေရဲ့ အဆင့်က ဒီကနေ မတက်တော့ဘူး . . ဘယ်လိုများ သင်လဲ မသိဘူး ကလေးတွေနဲ့အတူ ရောငိုက်နေတော့ အဆင့်က ဘယ်တက်တော့မလဲ "

သားနှင့်သမီးလည်း မိခင်ဆူမှာစိုး၍ အခန်းထဲတွင် ငြိမ်နေကျသည်။

" ရှင် ကလေးတွေကို စာ ဘယ်လိုသင်ပေးနေလဲ . . ကိုနေနိုင် "

မိန်းမရဲ့ အမေးကို နေနိုင် ပေါ့ပေါ့ပဲ ဖြေလိုက်သည်။

" ဟို . . စားပွဲမှာ ထိုင်သင်တယ် "

" ဘာ . . ရှင် ကျွန်မကို ရွဲ့တာလား "

သူ့မိန်းမ ထိုင်နေရာမှ မတ်တပ်ထရပ်ပြီး နေနိုင်အနား ရောက်လာကာ

" ရှင့်ကို အဲဒါ မေးတာ မဟုတ်ဘူး . . ကလေးတွေကို စာကျပ်ကျပ်မတ်မတ် သင်ပါ၊ ဘယ်နယ့် . . အဖေတစ်ယောက်လုံး စာသင်တာ . . ဒီအဆင့်က တက်တယ်လို့ကို မရှိဘူး . . ဉာဏ်ကြီးရှင်တွေ . . လိုက်ပါပေတယ် "

" မင်းကလဲကွာ . . အဆင့်မကျရင် ပြီးတာပဲ . . ကလေးတွေလည်း သူ့ဉာဏ်နဲ့ သူ မှီတာပဲ ရမှာပေါ့ "

သူ့စကားလုံးတွေကြောင့် သူ့မိန်းမ ပိုဒေါသထွက်ပြီး

" ရှင် အဲဒီ စိတ်ဓါတ်ကြောင့် ရှင် မတိုးတက်တာ " ဟု ပြောပြီး နောက်ဘေး ဝင်သွားသည်။

အဲဒီတော့မှ ကလေးတွေရော သူပါ အသက်ရှူ ချောင်သွားကြသည်။ သားကြီးက သူ့နား လာပြီး တိုးတိုးကပ်ကာ

" ဖေကြီးကလည်း မေကြီးကို သင်ခိုင်းလိုက်ပေါ့ . . အဲဒီကျ သားတို့က စာမေးပွဲကို ကျအောင် ဖြေလိုက်မှာပေါ့ . . ဒါမှ ဖေကြီးက မေကြီးကို ပြန်ပြီး ဆူပေါက်လို့ ရတာပေါ့ "

" ဟေ "

သားကြီးပြောပြီး သမီးကပါ

" ဟုတ်တယ် . . ဖေကြီးကို သမီးတို့က သနားလို့ပါ "

" ဟေ "

သားသမီးတွေရဲ့ စေတနာကို သူနားလည်ပါတယ် . . ဒါပေမယ့် မေကြီး သင်ရင် စာမေးပွဲကျအောင် ဖြေမယ်တဲ့ . . ကောင်းရော . . သူ ဘာဆက်ပြောရမှန်း မသိတော့။

ဒီနေ့တော့ ညွှန်မှူးခိုင်းတဲ့အတိုင်း ငွေစာရင်းရုံးသို့သွားပြီး ငွေထုတ်ရန် ပင်ဖြစ်သည်။ ငွေစာရင်းဌာနမှူးနဲ့ တွေ့တော့

" ဟ . . မောင်နေနိုင် . . လာကွာ . . ဒီနှစ် မင်းတို့ ဌာနက အလှူငွေတယ်များပါလား "

" ဟုတ်ကဲ့ . . ဒါကျွန်တော်တို့ ဌာနရဲ့ အကျင့်ပဲ စားဖို့သာ မရှိရင် မရှိမယ် . . လှူဖို့ တန်းဖို့တော့ လက်မနေးကြဘူး "

ငွေစာရင်းဌာနမှူး ငွေထုတ်လက်မှတ်ကို ကြည့်ပြီး ခေါင်းတငြိမ့်ငြိမ့်နှင့် ငွေထုတ်ပြီး ရုံးရောက်တော့ ဒီနေ့သွားမယ့် အဖွဲ့ နှစ်ယောက် ရုတ်တရက် ခွင့်ယူတယ်တဲ့။ နေနိုင့် စိတ်ထဲတွင် ရှိစေတော့ဟု ဆိုပြီး အလှူပစ္စည်းများဝယ်ရန် စာရင်းနှင့်တကွ ငွေပါ ရုံးတွင် အလုပ်အရှုပ်ဆုံး မမစန်းအား တာဝန် ပေးလိုက်သည်။ သူမနှင့်အတူ ဈေးဝယ်ရန် မိန်းကလေးအဖွဲ့ပါ အဖော်ရရန် ထည့်ပေးပြီး လွှတ်လိုက်သည်။

" ကိုနေနိုင် "

" ဘာလဲ နင်မလိုက်လို့ ရမလားလို့ မေးမှာ မှတ်လား . . မလိုက်ချင်ရင် ညွှန်မှူးနဲ့ သွားတွေ့ "

သူ့စကားကြောင့် ကောင်မလေး မျက်နှာငယ်လေးနှင့် ဘေးဘီကို ကြည့်ပြီးမှ သူ့အား

" မဟုတ်ဘူး . . ညွှန်မှူးက ကိုနေနိုင်ကို ခေါ်ခိုင်းလိုက်လို့ပါ "

" ဟေ . . အေး . . ဒါဆိုလည်း ပြီးရော "

ရုံးခန်းထဲ ရယ်သံသဲ့သဲ့ သူကြားရပြီး ကော်ရစ်တာအတိုင်း ညွှန်မှူးအခန်းသို့ ထွက်လာခဲ့သည်။ ညွှန်မှူး နေနိုင်ကို မြင်တော့ မျက်နှာ ချက်ခြင်း ငြိုးသွားပြီး

" ထိုင်ကွာ "

skymoe

" ဟုတ်ကဲ့ . . ညွန့်မှူး ဘာများ ခိုင်းစရာ ရှိသေးလို့လဲ "

" ခိုင်းစရာမရှိဘူး . . မေးစရာရှိလို့ . . မင်း ဟိုမှာ ဘာတွေ လုပ်ပြီး ပြီလဲ "

" ဘယ်မှာလဲ . . ညွန့်မှူး "

" ဟော့ကောင် . . အူကြောင်ကြောင် မလုပ်နဲ့ . . မင်းကို ဆွမ်းဆန်စိမ်း လောင်းပွဲ အတွက် ခိုင်းထားတာကို မေးတာ "

ညွန့်မှူး . . မပွစာဘူး ဒေါ်ပွနေပုံ ရသည်။ နေနိုင် ညွန့်မှူး အမေးကို ဖြေရန် ထိုင်နေသော သူ့ရဲ့ ကိုယ်နေဟန်ထားကို ပြောင်းပြီး

" အားလုံး အဆင်သင့်ပါပဲ . . ညွန့်မှူး "

ညွန့်မှူးရဲ့ ဒေါသ အရှိပ်က ပိုကြီးလာသလိုပင် . .

"ဟော့ကောင် . . မလိမ်နဲ့ မင်း ခုထိ ဘာမှ မလုပ်ရသေးဘူး မှတ်လား . . ငါရောက်ခဲ့ ပြီးပြီ . . အထဲမှာ နီးကြိုးစတွေ၊ ဂါးတို ဂါးစတွေ၊ သစ်တို သစ်စတွေ ဘာတစ်ခုမှ မသိမ်း ရသေးဘူး . . လူများမကျွပ်တွေ ပြီးသလောက် ဖြစ်ကုန်ပြီ . . ကွာ . . မင်း "

ညွန့်မှူးစကားကြောင့် ပထမ သူကြောင်သွားပြီး နောက်မှ . .

" ဒီလိုပါ ညွန့်မှူး . . "

" မင်း . . ဘာပြောဦးမလို့လဲ . ."

ညွန့်မှူး ဒေါသနှင့် အော်ကာ စားပွဲကိုလည်း လက်နဲ့ထုပြီး ပြောတော့ နေနိုင် တုန်သွားပြီး

" ဟို . . ဟို . . ညွန့်မှူး မကျွပ်မှားကြည့် မိခဲ့တာ ဖြစ်မယ် "

" ဘာ . . ငါ က မကျွပ်မှားကြည့် မိတယ် . . ဟုတ်လား "

" ဟုတ်ကဲ့ . . လုံးဝ ဖြစ်နိုင်ပါတယ် . . ကျွန်တော် တကယ် အားလုံး ပြင်ဆင်ပြီး နေပါပြီ . . ဒီမနက်လဲ ကျွန်တော် သွားကြည့်ခဲ့ပြီးပါပြီ . . ညွန့်မှူး မယုံရင် . . ကျွန်တော်နဲ့ လုပ်အားပေး လိုက်တဲ့ အဖွဲ့တွေကို ခေါ်မေးလို့ ရပါတယ် "

နေနိုင့် အပြောများကြောင့် ညွန့်မှူး မျက်မှောင်ကုတ်ပြီး နေနိုင့်ကို ကျော်ကာ အပြင် တံခါးဝကို ငေးကြည့်ပြီး . . ညွှန့်မှူး တော်တော် တွေဝေ သွားပုံရသည်။

" အေး . . ငါပဲ မှားကြည့်ခဲ့လား မသိဘူး . . မှားစရာတော့ အကြောင်းမရှိဘူး . . တာဝန်ယူထားတဲ့ ကာယကံရှင် ကိုယ်တိုင်က ပြောတယ်ဆိုတော့ . . အေး . . ဒီလို လုပ်ကွာ မနက်ဖြန် မနက် ကိုးနာရီ ရုံးချုပ်မှာ ငါ အစည်းအဝေးရှိတယ်၊ ပြီးရင် အဲဒီကို လှည့်ဝင်ခဲ့မယ်၊ မင်းအဲဒီမှာ စောင့်နေလိုက် . . ဟုတ်ပြီလား "

ညွှန့်မှူး ထိုစကားကို တော်တော်စဉ်းစားပြီး ပြောရသဖြင့် မောသွားပုံ ရသည်။

" ဟုတ်ကဲ့ . . ညွှန့်မှူး "

ပြောပြီး ညွှန့်မှူး အခန်းထဲမှ ထွက်လာခဲ့သည်။

( . . . ) ဌာနမှ ဆွမ်းဆန်စိမ်းလောင်းပွဲအတွက် ဌာနမှူးကိုယ်တိုင် လိုက်လာသည်။ ဌာနမှူးက မစတာဂျစ်နှင့် ရှေ့က၊ နောက်က ဂန်ထမ်း အယောက်နှစ်ဆယ်လောက်က အီးတူး သောင်ဇင် ကားကြီးနှင့် သူတို့အဖွဲ့ မဏ္ဍပ်ရှေ့ရောက်တော့ ဂန်ထမ်းအဖွဲ့များ ကားပေါ်က ဆင်းပြီး၊ သိမ်းဆည်းရန် ပစ္စည်းအစုံအလင် ကားပေါ်ကချပြီး ဌာနမှူးနှင့် အရာရှိတစ်ချို့ မျက်လုံးပြူးသွားကြသည်။

ဌာနမှူးက သူ့လက်ထဲက စာရွက်တစ်ချို့ကို ထုတ်ကြည့်ပြီး B အတန်းထဲက အခန်း နံပါတ် တစ်ဆယ် သူ့ခေါင်းထဲ စဉ်းစားမရ ဖြစ်သွားသည်။ အခန်းလဲ မမှားဘူး . . ဒီနှစ် ဘယ်ဆိုးလို့လဲ . . အားလုံး သန့်ရှင်းပြင်ဆင် ပေးထားသားပဲဟု တွေးကာ . . သူ့တပည့် များအား . .

" ဟေ့ကောင် . . မျိုးဦး ဒီပေါ်မှာ ဆိုင်းဘုတ်တတ်ဖို့ နေရာပါ အဆင်သင့် လုပ်ပေး ထားတယ်၊ တခါတည်းတပ်လိုက် . . အထဲမှာလည်း မီးချောင်းတွေ စဉ်ထားပြီးသား ဆိုတော့ မလိုတော့ဘူး . . ကောင်းမကောင်းသာ စစ်ကြည့်တော့ "

ဒီနေ့ အဖို့ နေနိုင်တစ်ယောက် မင်္ဂလာပ်အတွက် လိုက်အပ်တာတွေ မနက်ဖြန် ယူသွားရန် ဌာနစတိုမှာ ဝင်လိုက်ထွက်လိုက်နှင့် အလုပ်ရှုပ်နေသည်။ ထိုအချိန် မမစမ်းတို့ အဖွဲ့ ပြန်လာပြီး သူ့အား . .

" မောင်နေနိုင် . . ဒီနေ့ မမစမ်းတို့ မောတာပဲ အဖတ်တင်တယ်၊ မင်္ဂလာဈေးမှာ လိုသလောက် ပစ္စည်း မရခဲ့ဘူး . . ဘုန်းကြီးသုံးပစ္စည်းတွေလဲ ဗဟန်းမှာ သွားဝယ်တာ ဒီနေ့ မရခဲ့ဘူး . . မနက်ဖြန်ချိန်းလိုက်တယ် . . ကွဲ့ "

နေနိုင်တစ်ယောက် အလုပ်ရှုပ်နေတာမို့

" ဒါဆိုလည်း မနက်ဖြန် ထပ်ဝယ်ပေါ့ . ကြားထဲ အချိန် ကျန်ပါသေးတယ် "

ညနေရုံးဆင်းတော့ နေနိုင်တစ်ယောက် တစ်ဘက်ရုံးသို့ ရုံးစာ သွားပို့ ရသည်။ ဌာနခြင်း မတူပေမယ့် . . စာပေး၊ စာယူကြောင့် ရုံးဝန်ထမ်း တော်တော်များများနှင့် နေနိုင် သိနေသည်။

" ဟဲ့ . . နေနိုင် "

" ဟာ . . မလွန်း . . မတွေ့တာတောင် ကြာပြီနော် . . "

" အေး . . ငါလည်း ပြောစရာရှိလို့ . . မနက်က ငါ နေ့တစ်ဝက် ခွင့်ယူပြီး ကန်တော်ကြီးကို ညှော်သည်လိုက်ပို့ရင်းနဲ့ သွားတော့ နင်တို့ရုံးက အဖွဲ့ကို တွေ့ခဲ့တယ် . . တစ်ဖွဲ့ကြီးပဲ ပျော်စရာကြီး စားကြ၊ သောက်ကြနဲ့ . . နင်တို့ဌာနက တယ်လွတ်လပ်ပါလား ငါတောင် ပြောင်းလာချင်တယ်"

" ဗျာ . . ဘယ်လို . . "

သူ တအံ့တသြ မေးမှုကြောင့် မလွန်း မျက်မှောင်ကုပ်ပြီး

" နင်တို့ ဌာနကို ပြောင်းချင်လာပြီလို့ "

" အဲဒါကို ပြောတာမဟုတ်ဘူး ဘယ်သူနဲ့ တွေ့ခဲ့လို့လဲ "

" နင်တို့ ဌာနက . . မမကြီး . . မမစမ်းတို့လေ "

" အော် . . အော် "

စိတ်ထဲမှာတော့ ဒင်းတို့အကြံက ဒီလိုကိုး . . လုပ်ပေါ့ ဒီတစ်ခါတော့ ရှိစေတော့လို့။

မနေ့ညကစပြီး သူ့သားသမီးတွေကို နေနိုင် စာပြစရာမလိုတော့၊ သူ့မိန်းမက စာပြသည်။ သူက မိန်းမချုပ်ပြီးသား အဂတ်တွေကို မီးပူတိုက် ပေးရသည်။ စာသင်ရင်း ခွက်ပုန်းသောက်လို့ ရပေမယ့် အခု မီးပူတိုက်ရတော့ အရင်လို မလွယ်တော့ . . သူထ သွားရင် သားကြီးက လိုက်ချောင်းနေကြ . . တကယ်လို့ သူအခု ထသွားရင် သားကြီးက လိုက်မလာဘဲ သူ့အမေကို ပြောလိုက်ရင် . .

" ဖေကြီး . . အိပ်ငိုက်နေပြီ မှတ်လား . . မျက်နှာသွားသစ်လိုက်လေ " သားကြီး စကားကြောင့် သူကြောင်သွားပြီးခါမှ သတိရကာ တယ်တော်တဲ့ ငါ့သားကြီးပဲဟု တွေးကာ ထရပ်တော့ သူ့မိန်းမက

" ရှင်ဟာ ကလေးလောက်တောင် အသိဉာဏ် မရှိဘူး . . အဲဒါကြောင့် ကလေးတွေ အဆင့်မတတ်တာ . . သူက ရှေ့က ငိုက်ပြနေ "

နေနိုင်ကတော့ သူ့အကြံနှင့် နောက်ဘေးဂင် မျက်နှာသစ်၊ ကြောင်အိမ်အောက်က ပုလင်းကို ထုတ်ပြီး၊ စိတ်ကြိုက်မော့ကာ . . ဒီနေ့ချက်တဲ့ ဂက်သားတစ်တုံး နှိုက်စားပြီး အိမ်ရှေ့ ပြန်ထွက်လာတော့ သားကြီးက

" ဖေကြီး . . OK တယ် မှတ်လား "

သူ့သားကြီးက သူ့ကို မျက်စိတစ်ဖက်မှိတ်ပြပြီး မေးလိုက်တော့ သူရယ်လျှက်။

ဒီနေ့ မနက်တော့ နေနိုင် ရုံးသို့ စောစောသွားပြီး လက်ဘက်ရည်ဆိုင်တွင် ထိုင်ပြီး ဒီနေ့ အလှည့်ကျ လုပ်အားပေးအဖွဲ့ကို ထိုင်စောင့်နေရင်း အချိန်တော်တော်လင့်သွားမှ တစ်ယောက်ပြီး တစ်ယောက် ရောက်လာကြသည်။

" ကဲ . . လူစုံရင် . . သွားမယ် "

နေနိုင် ပြောသာ ပြောရတယ် . . အားလုံးက တက်တက်ကြွကြွ မရှိကြ။ သီရိမင်္ဂလာ ကမ္ဘာ့ဒအေး ကုန်းမြေသို့ ရောက်တော့ သူ့ဘေးက ကိုသိန်းဦးက

" ဘယ်လိုဖြစ်တာလဲ . . "

နေနိုင်တို့ သန့်ရှင်းရေးလုပ်၊ မီးသွယ်၊ ခုံခင်း အစစအရာရာ အဆင်သင့်ဖြစ်အောင် လုပ်ထားခဲ့ မဏ္ဍပ်ကို အခု (- - - ) ဌာနက ဆိုင်းဘုတ်တင် နေရာယူထားပြီးပြီ . . နေနိုင် ကမူးရှူးထိုးနှင့် မဏ္ဍပ်ထဲ ဝင်သွားပြီး

" ဒီမှာ . . ဟေ့လူ "

မဏ္ဍပ်ထဲမှာ စတိုင်အပြည့်နှင့် လူက နေနိုင့် ခေါ်သံကို ကြားတော့ မျက်နှာက မခံချိ မခံသာ ဖြစ်သွားတဲ့ပုံနှင့် . .

" ညီလေး . . ဘာကိစ္စရှိလို့လဲ "

" ခင်ဗျားတို့ မဏ္ဍပ်မှားနေတယ် . . ဒါကျုပ်တို့ ( - - - )ဌာနက မဏ္ဍပ်ဗျ . . ကျွန်တော်တို့ အားလုံး အဆင်သင့် လုပ်ထားပြီးမှ ခင်ဗျားတို့က ဆိုင်းဘုတ်ကောက်တင်ပြီး နေရာဝင်ယူတာတော့ မတရားဘူး "

သူပြောပြီးတာနဲ့ သူ့နောက်က ကိုသိန်းဦးတို့ ဝန်ထမ်းများပါ ထောက်ခံသည့် အနေဖြင့် တစ်ယောက် တစ်ပေါက် အသံထွက်လာသည်။ ထိုလူလဲ ကြောင်အန်းအန်းနှင့် ပြီးမှ လူကြီးပီပီ နေနိုင်တို့ကို ထိုင်ခိုင်းပြီး . . .

" ကိုယ်တို့ ဘယ်သူမှားတယ် . . မှန်တယ် . . ပြောဖို့က ဌာနဆိုင်ရာအလိုက် ထုတ်ပေးထားတဲ့ မြေပုံနဲ့ အခန်းနံပါတ်တွေ ပါတာပဲ၊ သေချာပြန်စစ်ရင် သိနိုင်ပါတယ်၊ အစ်ကိုတို့ ဌာနက B - ၁၁ ငါ့ညီတို့က "

နေနိုင် သူ့လက်ထဲက စာရွက်ကို ပြန်ကြည့်တော့ ဘုရားမြောက်ဘက် မှန်သည်။ သို့သော် မြေပုံအရ B - ၁၁ မှန်သည်။ သို့သော် မည်သူမှားသနည်း . . နေနိုင် ဇဝေဇဝါ ဖြစ်နေသည်။

" ဒါနဲ့ ငါညီတို့ ဌာနမှူးက ဘယ်သူလဲ "

" ဟုတ်ကဲ့ . . ဆရာ ဦးကိုကိုမင်းပါ "

" ဘာ . . ဟား . . ဒါဆို ငါ့ညီတို့ မှားပြီ၊ ဦးကိုကိုမင်းတို့ (- - - )ဌာနက B - ၁၈ စုံဂဏန်းဆိုတော့ ဟိုဘက်လမ်း၊ အစ်ကိုတို့က မဂဏန်း "

" ဗျာ "

နေနိုင့် မျက်နှာဆီးရှက်လောက်ပဲ ကျန်တော့သည်။ သူ့ကို ဌာနမှူး ပေးထားတဲ့ စာရွက်မှာ လက်နှိပ်စက်စလုံးမို့ ၁၀၊ ၁၁ ဂဏန်းမှာ မှင်လိုက် မမှန်မှုကြောင့် ၁၁ ဖြစ်နေခြင်း ဖြစ်သည်။ နေနိုင် ဘာလုပ်ရမှန်း မသိဖြစ်နေသည်။ ညွှန်မှူး ကလည်း လာတော့မှာ . . သူရှက်ပြာ ရှက်ပြာ လုပ်မှုကြောင့်ပင် . . ။

" ဟုတ်ကဲ့ . . ဒီမှာ ကျွန်တော်တို့ မီးဆင်ထားတာတွေ ပြန်ဖြုတ်သွားခွင့် ပြုပါဗျာ "

" အဲဒီအတွက် မပူပါနဲ့ . . ကိုယ်တို့ ဌာနက မီးပြင်ဆရာတွေ ရှိပါတယ် . . ညီလေးတို့ကို ဝိုင်းကူတပ်ပေးပါလိမ့်မယ် . . ကိုယ်တို့မှာ ပစ္စည်းတွေ ရှိပါတယ် . . စိတ်မပူပါနဲ့ . . အစ်ကို ထင်တော့ ထင်တယ် ဒီမဏ္ဍပ်ကို စရောက်ထဲက . . တစ်ခုခုတော့ မှားနေပြီလို့ "

" အစ်ကိုတို့ ဝိုင်းဝန်းကူညီပေးမယ်ဆိုတဲ့အတွက် ကျေးဇူးတင်ပါတယ် . . ကျွန်တော့် ညွှန်မှူး ကတော့ ဒီအကြောင်းသိရင် ကျွန်တော့်ကို ထောင်းတော့မယ် . . "

နေနိုင် မဏ္ဍပ်အသစ်မှာ လုပ်ကိုင်နေတုန်း ညွှန်မှူးရောက်လာသည်။ ညွှန်မှူး မျက်နှာကြီးရဲပြီး နေနိုင်ကို ကြည့်ပုံက ဝါးစားတော့မယ့် အတိုင်းပဲ . . ဒါပေမယ့် . . သူတို့ မှားခဲ့တဲ့ မဏ္ဍပ်အဟောင်းက လက်ထောက်ညွှန်မှူးနဲ့ သိနေတာကြောင့် နေနိုင် အထောင်း သက်သာသွားသည်။ သို့သော်လည်း ထိုတာဝန်တွေကို နေနိုင့်အား ဆက်မပေးတော့ဘဲ စာရေးကြီး ဦးသိန်းဦးအား တာဝန်ပေးလိုက်သည်။

နောက်တစ်လလောက်အကြာ နေနိုင် သူ့သားနဲ့ သမီးကို ကျောင်းသွားကြိုတော့ သူ့သားနဲ့ သမီးက သူ့ကို ကြည့်ပြီးပြုံးပြုံးလာကြသည်။ မေးကြည့်တော့ ခေါင်းရမ်းပြသဖြင့် သူနားမလည်ဘဲ ရှိနေခဲ့သည်။ အိမ်ရောက်တော့ သူ့နဲ့ သူ့မိန်းမရှေ့တွင် သားကြီးက

" ဒီမှာ သားတို့ အမှတ်စာရင်းတွေ . . ဖေကြီး လက်မှတ်ထိုး ပေးပါ "

သူ့သားကြီး လက်ထဲက ကဒ်ကိုလှမ်းယူချိန် သူ့ မိန်းမ ဆင်မ၊ ဂဏ်မက အသံ ကျယ်ကျယ်နှင့်

" ရှင် သေချာကြည့်လိုက်ပါ . . ကျွန်မသားတွေ သမီးတွေ အဆင့် ဘယ်လောက်ရှိလဲလို့ . . ကျွန်မ အစွမ်းကို . . "

" ဟင် "

သူ အမှတ်စာရင်းကဒ်ကို လှန်ကြည့်တော့ အမှတ်စာရင်းတစ်ခုလုံး ရဲနေသည်. အဆင့် 42 တဲ့ သမီးကဒ်ကို လှန်ကြည့်လိုက်တော့ ထိုနည်းလည်းကောင်းပဲ အဆင့် 40 ဘေးက လှမ်းကြည့်နေတဲ့ သူ့မိန်းမမှာ အမှတ်စာရင်းကို မြင်ပြီး စကားပါ ဆက်မပြောနိုင်တော့ဘဲ . . ကလေးတွေကို ဆူမည့်အလုပ် . . သူက

" ဒီနေ့ကစပြီး . . ငါ စာပြန်သင်မယ် . . မင်းရဲ့ မတောက်တစ်ခေါက် ပညာနဲ့ မရမှန်း မင်းသိပြီ မှတ်လား . . သွား . . ထမင်းစားဖို့ သွားလုပ် "

သူ့မိန်းမ သူ့ကို ပြန်ကြည့်တော့

" တောက် . . ဒီမိန်းမ . . ဘာပြန်ကြည့် နေတာလဲ . . "

သူ့မိန်းမ ကုတ်ကုတ် . . ကုတ်ကုတ်နှင့် နောက်ဘေး ဝင်သွားတော့မှ သားကြီးက

" သားတို့ မေကြီး သင်တာ စာတွေ အများကြီး ရပါတယ် . . ဒါပေမယ့် ဖေကြီး အတွက် စာတွေကို မဖြေဘဲ နေခဲ့ကြတာ "

" ဟော . . "

နေနိုင်

09-10-2009

skymoe

skymoe